# မပြီးဆုံးသေးသောအဖျတ္တစစ်ပွဲ

ဦးမာနိတ(ကျုံကြဒတ်)



ပြည်တွင်းပြည်ပ မိတ်ဆွေများထံ မမောမပန်း စာရေးဆက်သွယ်သူများတွင် စာရေးသူလည်း တစ်ဦး အပါအဝင် ဖြစ်သည်။ ပြောရမည်ဆိုလျှင် ကွန်ပျူတာ အင်တာနက်တွေ မပေါ်သေးသော ဆယ်စုနှစ်များ (ဝန်ကြီးချုပ် မာဂရက်သက်ချာ တာဝန်ထမ်း ဆောင်နေဆဲ နှစ်ကာလများဟု ဆိုပါစို့) ကပင် ပြည်တွင်းပြည်ပ မိတ်ဆွေများနှင့် စာအဆက်အသွယ် ရှိနေခဲ့သည်။ ထိုစဉ်က စာပို့တံဆိပ်ခေါင်း လေးများကို အသုံးပြု၍ စာရေးဆက်သွယ်ခဲ့ရသည်။ ယခုလို ကွန်ပျူတာ အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်သော ခေတ်ကာလတွင် စာပို့တံ ဆိပ်ခေါင်းလေးများကို အားကိုးနေရန် မလိုတော့ပေ။ အသိမိတ် ဆွေများထံ အွန်လိုင်းမှ ပိုမို၍ လျှင်လျှင်မြန်မြန် ဆက်သွယ်နိုင်ခဲ့သလို၊ စာရေးဆက်သွယ်ရ မည့် မိတ်ဆွေများလည်း အလွန်တရာ တိုးပွား များပြားလာခဲ့သည်။

ရပ်နီးရပ်ဝေး မိတ်ဆွေများနှင့် စာရေးဆက်သွယ်ခြင်းကြောင့် သူတို့၏ ပျော်ရွှင်ကြည်နူးဖွယ် ဘဝပုံရိပ်လွှာများ၊ စိတ်သောက ရောက်စရာ ဘဝအမောလေးများ၊ သံဝေဂ ရှုထောင့်မှ ဘဝမြင်ကွင်းများ၊ အံ့ဖွယ်ထူးဆန်း ဘဝအတွေ့ အကြုံများကို အချိန်တိုင်း မျှဝေခံစားခွင့် ရခဲ့သည်။ လက်တွေ့ဘဝမှ ထွက်ပေါ်လာသော ဘဝအတွေ့အကြုံများ ဖြစ်သ ဖြင့်လည်း တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများကို အခမဲ့ စုဆောင်းရယူနိုင်ခဲ့သည်။ ယခုနောက်ဆုံး လက်ခံရရှိခဲ့ သည့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ ဒါယကာတစ်ဦး ပေးပို့လိုက်သော အီးမေးလ်တစ်စောင်မှာလည်း တစ်မျိုးတစ်ဘာသာ စိတ်ဝင်စားစရာ အချက်များ ပါဝင်နေသည်။

*“အရှင်ဘုရား...*

*ဒီနိုင်ငံကို ရောက်လာတဲ့ ဘုန်းဘုန်းတွေက ဒကာဒကာမတွေအပေါ် အပျော်ကြံ ကြံသွားကြသလား မပြောတတ်ပါဘူးဘုရား။ ဒီနိုင်ငံမှာ ရှိနေစဉ်မှာတော့ ဒကာကြီး ဒကာမကြီးနဲ့ ရွှန်းရွှန်းဝေအောင် ဆက်ဆံရေး ကောင်းသလောက် ဒီနိုင်ငံက ပြန်ကြွသွားတဲ့အခါ၊ မေ့ပင်အောက်ကိုဝင်၊ မေ့သီးကိုစား၊ တပည့်တော်တို့ ဒကာဒကာမတွေကို မေ့သွားကြတယ်ဘုရား။ တပည့်တော်တို့မှာသာ ဟိုဘုန်းကြီးကို လွမ်းရ၊ ဒီဘုန်းကြီးကို တမ်းတနဲ့၊ လွန်းကျန်ရစ်ကြီးကို ဖြစ်နေပါပေါ့လား . . .*

*“ပြီးတော့လည်း တစ်ခုရှိသေးတယ်။ အင်္ဂလန်မှာ လေးငါးနှစ်လောက် သီတင်းသုံးပြီး အမေရိကားကို ကြွရမယ်ဆိုလျှင် သင်းပိုင်ကို တိုတိုဝတ်ပြီး တစ်ခါတည်း သုတ်ခြေတင် ကြွသွားတော်မူလိုက်တာ၊ တပည့်တော်တို့ အင်္ဂလန်က ဒကာဒကာမတွေကို တစ်ချက်ကလေးမှတောင် ပြန်လှည့်ကြည့်ဖော် မရဘူး ဘုရား”*

ဒါယကာကြီးက သူတို့ဆီတွင် သာမဏာ နဥ္စ ဒဿနံ တန်ဖိုးကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ထိထိမိမိ လေး ရေးပြထားသည်။ ထိုအချက်ကို စာရေးသူ ခန့်မှန်းတွေးတော၍ နားလည်နိုင်စွမ်းရှိပါ၏။ မြန်မာပြည်လို သာသနာ တော် ပွင့်လင်းထွန်းကားသော နိုင်ငံတွင် နိစ္စဓူဝ ရဟန်းသံဃာများကို ဖူးမြင်ခွင့် ရနေသော်လည်း၊ သာသနာတော် ထွန်း ကားပြန့်ပွားခြင်း မရှိသော နိုင်ငံခြားတိုင်းပြည်များတွင် သာမဏာ နဥ္စ ဒဿနံ အခွင့်အရေးမှာ ရှားပါးကုန်ပစ္စည်းတစ်ခု ဖြစ်နေမည်လား မပြောတတ်။

သို့သော် “အင်္ဂလန်မှာ လေးငါးနှစ် သီတင်းသုံးပြီး အမေရိကားကို ကြွရမည်ဆိုလျှင် . . .” ဆိုသော အချက်မှာ ဘာကို ဆိုလိုသနည်း။ သင်းပိုင်ကို တိုတိုဝတ်ခြင်းမှာ အပြစ်တစ်ခုတော့ မဟုတ်ပါ။ ဝိနည်းတော်အရ သင်းပိုင်ကို ဒူး အောက် လက်လေးသစ်ချ၍ ဝတ်ရုံရရိုးထုံးစံ ရှိပါ၏။

မှတ်တမ်းများအရ ဖြစ်နိုင်ချေတစ်ခုတော့ ရှိပါသည်။ ရှေးအခါက မြန်မာပြည်မှ ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးက အမေရိကန်သမ္မတထံ စာတစ်စောင် ရေးခဲ့ဖူးသည်။ “ဒကာတော်၏ နိုင်ငံတွင် ရုပ်ဝတ္ထုပစ္စည်းများ လွန်စွာဖွံ့ဖြိုးတိုးတက် နေသော်လည်း၊ နိုင်ငံသူ နိုင်ငံသားတို့၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု မရှိလျှင်၊ အလုံးစုံ ဖွံ့ဖြိုးတိုးတက်သည်ဟု မဆိုနိုင်ကြောင်း၊ ထို့ကြောင့် ဒကာတော်၏ နိုင်ငံသူ နိုင်ငံသားများ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရန် အမေရိကန်သို့ ကြွ

ရောက်၍ သာသနာပြု လိုပါကြောင်း” စာရေး အကြောင်းကြားလိုက်သည်။ ထိုစဉ်က အမေရိကန်သမ္မတကြီးကလည်း “သာသနာပြု ကြွရောက်ရန် သဘောတူ လက်ခံပါကြောင်း” အကြောင်းပြန်ကြားလိုက်သည်ဟူ၏။

ဤသို့ သာသနာပြုရန် တောင်းဆိုချက်များ ရှိနေခြင်းကြောင့် အမေရိကန်သို့ ကြွရောက်ရန် စိတ်အားထက်သန်နေခြင်း ပင်လော၊ သို့မဟုတ် အမေရိကန်က အင်္ဂလန်ထက် အပေးအကမ်း ရက်ရောခြင်း၊ ရာသီဥတု မျှတခြင်းစသော အကြောင်းအချက်များကြောင့် အမေရိကန်ကို စိတ်ဝင်စားခြင်း ပေလော။ ထိုအချက်ကို စာရေးသူလို ပြည်ပသာသနာပြု အတွေ့အကြုံ တစ်စိုးတစ်စိမျှ မရှိသော သာမည ရဟန်းတစ်ပါးအတွက် နားလည်ရန် ခက်ခဲလှပါ၏။ သို့သော် အင်္ဂလန်မှ ဒါယကာတစ်ဦးက အကြောင်းယုတ္တိ ခိုင်မာစွာ စာရေးတင်ပြလာသဖြင့် ထိုအချက်ကို အံ့ဖွယ်ထူးဆန်း အဗ္ဘုတဝတ္ထု *(A matter of wonderful)* တစ်ခုအဖြစ် မှတ်သားထားမိပါသည်။

မှန်ပါသည်။ စာရေးသူလို သာမည ရဟန်းတစ်ပါးအတွက် အလွန်ကြီးကျယ်၍ အဆင့်မြင့်မားသော ပြည်ပသာသနာပြု လုပ်ငန်းများကို မဆိုထားဘိ။ ကိလေသာမာရ် ကိုယ်တွင်းရန်ကို တွန်းလှန်ဖြိုဖျက်ရသော အဇ္ဈတ္တသာသနာပြု လုပ်ငန်းကိုပင် အကြိတ်အနယ် အားမာန်ခဲ၍ ကြိုးစားဆောင်ရွက်နေရဆဲ ဖြစ်ပါသည်။ စိန်ကောင်းကျောက်ကောင်း သဖွယ်ဖြစ်သော အရည်အချင်း ပြည့်မီသည့် ပြည်ပသာသနာပြု အရှင်မြတ်များ အဆက်မပြတ် ပေါ်ထွက်လာနိုင်ရန်၊ ပြည်တွင်း၌ ပရိယတ် ပဋိပတ် ဆည်းပူးကျင့်ဆောင်ခြင်းစသော အဇ္ဈတ္တ သာသနာပြု လုပ်ငန်းများ အခြေခိုင်ရန်လည်း အထူး လိုအပ်မည်ဟု ယုံကြည်မိပါသည်။

စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဇန မဟာထေရ်က အဇ္ဈတ္တသာသနာပြုလုပ်ငန်း (အထူးသဖြင့် ပဋိပတ်) နှင့် ပတ်သက်၍ ဤသို့မိန့်ဆိုတော်မူခဲ့သည်။

*လောက၌ ‘ယုဒ္ဓ’ခေါ် စစ်ထိုးခြင်း စစ်တိုက်ခြင်းသည် ပြင်ပစစ် ကိုင်တွင်းစစ်ဟု နှစ်မျိုးရှိရာတွင် ပြည်ထောင်အချင်းချင်း ပဒေသရာဇ်မင်းတို့၏ ဓားလှံသေနတ်လက်နက်တို့ကို စွဲကိုင်၍ စစ်ထိုးခြင်း၊ စစ်တိုက်ခြင်းသည် ပြင်ပစစ်မည်၏။ ဘုရားရဟန္တာ အစရှိသော သူတော်ကောင်းတို့၏ ကိုယ်တွင်းကိလေသာ ၁၅၀၀ သော မာရ်စစ်သည်တို့ကို သမ္မာသနစသော ဝိပဿနာလက်နက်၊ မဂ်ဖိုလ်လက်နက်တို့ဖြင့် တွန်းလှန်ဖြိုဖျက်ခြင်းသည် ကိုယ်တွင်း ကိလေသာစစ်ပွဲမည်၏။*

*ထိုနှစ်မျိုးတွင် အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးလှသော အန္ဓဗာလ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် အရေးမပါ၊ အရာမရောက်၊ သူဦးရင်ကိုယ်သေ၊ ကိုယ်ဦးရင်သူသေစသော ခဲယမ်းမီးကျောက် တုတ်ဓားလက်နက်တို့ကို စွဲကိုင်တိုက်ခိုက်ရသော ပြင်ပစစ်ပွဲကိုသာ စွဲစွဲမြဲမြဲ သဲသဲမဲမဲ တိုက်ခိုက်ကြလေကုန်၏။*

*အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံကုန်သော ဘုရားရဟန္တာအစ ကလျာဏပုထုဇဉ် အဆုံးရှိသော သူတော်ကောင်းတို့သည် အရေးပါ၊ အရာရောက်လှသော (ဝါ) တစ်ခါနိုင်လျှင် နောက်ထပ်တစ်ဖန် ပြန်မရှုံးနိုင်သော ကိလေသာမာရ် ကိုယ်တွင်းရန်ကို စွဲစွဲမြဲမြဲ သဲသဲမဲမဲ တိုက်ခိုက်ကြလေကုန်၏။ (စက်ဖြတ်ဝိပဿနာ စာ – ၂၇၁)*

မျက်မှောက်ကမ္ဘာမှ သူဦးကိုယ်သေ၊ ကိုယ်ဦးသူသေစသော ပြင်ပစစ်ပွဲများမှာ ပကတိ ခက်ထန်ကြမ်းကြုတ်ရက်စက်မှုများ ပြည့်လျှမ်းနေသကဲ့သို့၊ ကိလေသာမာရ် ကိုယ်တွင်းရန်ကို အနိုင်တိုက်ရသော အဇ္ဈတ္တစစ်ပွဲများမှာလည်း သိမ်မွေ့နက်နဲ ခက်ခဲမှုများ ပြည့်လျှမ်းနေပါသည်။ ထိုအချက်နှင့် ပတ်သက်၍ စာရေးသူ မွန်ပြည်နယ်တွင် သီတင်းသုံးနေထိုင်ခဲ့စဉ်က အတွေ့အကြုံတစ်ခုကို ပြန်လည်၍ အမှတ်ရမိသည်။

ကျိုက္ခမိနယ် ဆင်တောင် တောင်ပေါ်ကျောင်းသို့ ရေးမြို့မှ နေလကမ္ဘာ ဆရာတော်ဘုရားကြီး ကြွရောက်တော်မူစဉ်က စာရေးသူ သွားရောက် ဖူးမြော်၍ ဩဝါဒ ခံယူပါသည်။ ဆရာတော်ကြီးမှာ ဆင်တောင် တောင်ပေါ်ကျောင်းသို့ ကြွရောက်တော်မူသည့်အခါတိုင်း ကျောင်းကန်ဇရပ်များတွင် သီတင်းသုံးခြင်း မပြုပါ။ သိမ်ကျောင်းအနောက် တောအုပ်အတွင်းတွင် ကွပ်ပြစ်ကလေးတစ်လုံးချ၍ သက်န်းမိုးစေလျှက် သီတင်းသုံးပါသည်။ စာရေးသူ လာရောက်ဖူးမြော်သည်ကို တွေ့မြင်တော်မူသောအခါ နေရာထိုင်ခင်းပေး၍ ပဋိသန္ထာရ ပြုပါသည်။

“ကိုယ်တော်လေး ဘယ်ကျောင်းမှာ သီတင်းသုံးပါသလဲဘုရား”

“တပည့်တော် ကျိုက္ခဒတ်နဲ့ ကရင်သောင် ရွာနှစ်ရွာကြားက ရေစက်တောင်မှာ သီတင်းသုံးပါတယ်ဘုရား”

“အဲဒီ တောင်ပေါ်မှာ ကျောင်းကန်ဇရပ်တွေ တော်တော်များလား။ စွမ်းနိုင်မယ်ဆိုရင် သာသနိက အဆောက်အအုံတွေ များများ တည်ထောင်ပါ။ နောင်လာနောင်သားတွေ ချမ်းချမ်းသာသာ နေနိုင်တာပေါ့ဘုရား”

“မှန်ပါ။ တပည့်တော်မှာ ဒကာဒကာမ အသိကျွမ်း နည်းပါးပါတယ်ဘုရား။ တစ်ကိုယ်ရေ ချမ်းသာဖို့အတွက် ခနိမိုး ခနိကာ တစ်ပါးကျောင်းလေးနဲ့ သီတင်းသုံးပါတယ်ဘုရား”

''ဩော်...ဟုတ်လား။ ကောင်းတယ်။ ကောင်းတယ်။ ဒါနဲ့ ကပ္ပိယရော ရှိသလား။ ဆွမ်းကိစ္စ ဘယ်လို စီစဉ်မျှတ ပါသလဲ ဘုရား''

ဆရာတော်ဘုရားကြီးက မည်သည့်အခါမှ ''မကောင်းဘူး''ဟု မိန့်ဆိုလေ့ မရှိပါ။ ကောင်းရာမွန်ရာ အကြောင်းအရာများကို ရှေးရှု၍ ''ကောင်းတယ်၊ ကောင်းတယ်'' ဟုသာ မိန့်ဆိုလေ့ ရှိပါသည်။

''ကပ္ပိယလည်း မရှိပါဘူးဘုရား။ ကျုံကဒတ်နဲ့ ကရင်သောင် ရွာတွေမှာ တစ်လှည့်စီ ဆွမ်းခံပြီး မျှတပါတယ် ဘုရား''

''ဩော်...ကောင်းတယ်။ ကောင်းတယ်။ ဆွမ်းခံစားတဲ့အခါ ငှက်ပျောသီးစတဲ့ စားစရာတွေကို နေ့ဖို့ညစာ ချန်မစားနဲ့နော်။ ပိုလျှံနေရင် စွန့်သာပစ်။ ပိုလျှံတဲ့ အစားအစာတွေကို တောထဲက ကျေးငှက်တိရစာန်တွေက စွန့်ကြဲပြီး ကျွေးမွေးစောင့်ရှောက်ပါ။ ပြီးတော့ မေတ္တာ များများပို့နော်။ ကိုယ့်ကို အမှီပြုပြီး ကိုယ့်ပတ်ဝန်းကျင်က လူနတ်များစွာကို ချမ်းသာရာရစေတယ်။ တပည့်တော်လည်း ဒကာဒကာမတွေ ကုသိုလ်ရဖို့၊ ချမ်းသာဖို့အတွက် ယခုလို အပင်ပန်းခံပြီး နယ်လှည့်တရားဟော နေရတာဖြစ်တယ်။ ကြိုးစား၊ ကြိုးစား၊ ပုဂ္ဂိုလ်တစ်ဦး တရားဓမ္မ ကျင့်သုံးမှုမှာ ရင့်ကျက်ထက်မြက်မှု ရှိမယ်ဆိုရင် ဒကာဒကာမတွေအတွက် အကျိုးသက်ရောက်မှု ရှိတယ်''

''မှန်ပါ့ဘုရား''

တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာတော်ဘုရားကြီးအား ဖူးမြော်ပြီး နောက်တစ်နေ့တွင် ကျုံကဒတ်ရွာသို့ ဆွမ်းခံဝင်ခဲ့သည်။ သည်ကနေ့ကျမှ ကျုံကဒတ်ရွာ အင်းစောင်းပိုင်းက ဒေါ်မြကြည်ဆိုသူ ဒါယိကာမ တစ်ဦးက မည်သို့ စိတ်ကူးပေါက်လေသည် မသိ။ ကြာကြာထား၍ ဘုဉ်းပေးနိုင်အောင်ဟုဆိုလျက် အသားကျော်နှင့် ပဲငပိကျော်များကို ဘူးကြီးဘူးငယ်နှင့်ထည့်၍ လောင်းလှူလိုက်ပါသည်။  ခုနစ်ရက်ခန့်ထား၍ စားသုံးသော်လည်း ကုန်နိုင်မည်မထင်။

ထိုနေ့က ဆွမ်းစားမည်ဟု သပိတ်ကို ဖွင့်လိုက်သည်ရှိသော် ဒေါ်မြကြည်လောင်းလှူလိုက်သော အကျော်အလှော်များ  အပါအဝင် စားစရာ သောက်စရာတွေက ခါတိုင်းနေ့တွေထက် အဆမတန် ပိုများနေသည်။ ''ကဲ...မထူးတော့ပြီ။ စားစရာတွေ ဘယ်လောက်ပဲများများ၊ မွန်းမတည့်မီ အလိုရှိသလောက် စားသုံး၊ မွန်းတည့်ချိန်ရောက်လျှင် ပိုတာတွေ စွန့်ပစ်၊ အဲဒီအခါ ပိုလျှံနေတဲ့ စားစရာတွေဟာ ကိုယ်နှင့်မဆိုင်၊ ကိုယ်ပိုင် မဟုတ်တော့ပြီ'' ဟူသော အသိတရားဖြင့် ဆွမ်းစားသုံးရသည်မှာ အကဲစမ်းမှု (စိန်ခေါ်မှု) တစ်ခုပေလား၊ ထူးဆန်းသော စိတ်ခံစားချက် တစ်မျိုးလား၊ မပြောတတ်။ ဒွိဟစိတ်ဖြင့် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသွားသည်။

ဆွမ်းစားသုံးပြီးနောက် ပိုလျှံနေသော စားစရာများကို ကျောင်းနှင့်ဝေးသော သစ်ပင်ကြီး တစ်ပင်အောက်သို့ ယူဆောင်သွားပြီး သကာလ ''ကဲ...သွားပေရော့လဟယ်'' ဟု စိတ်ပိုင်းဖြတ်၍ သွန်မှောက်စွန့်ပစ်လိုက်လေသည်။

တစ်ဆက်တည်း *ယောပန ဘိက္ခု သန္နိဓိကာရကံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဥ္ဇေယျ ဝါ ပါစိတ္တိယံ . အကြင်ရဟန်းသည် သိုမှီးသိမ်းဆည်းခြင်း အမှုကိုပြု၍ ခဲဖွယ်ကိုသော်လည်းကောင်း၊ စားဖွယ် ကိုသော်လည်းကောင်း၊ ခဲမူလည်း ခဲအံ့၊ စားမူလည်း စားအံ့၊ ပါစိတ်အာပတ်သင့်၏* ဟူသော ဘောဇနဝဂ် – သန္နိဓိကာရ သိက္ခာပုဒ်နှင့် နေလကမ္ဘာ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော ''ငှက်ပျောသီးနဲ့ စားစရာတွေကို နေ့ဖို့ညစာချန်၍ မစားလေနဲ့ ငါ့ရှင်'' စသော ဩဝါဒတို့ကို လက်တွေ့လုပ်ငန်းခွင်နှင့် ဆက်စပ်၍ တွေးတောနေမိသည်။ ထိုအခါ ဝေဝေဝါးဝါး ဖြစ်နေသော အသိတရားများ ဆုံမှတ်တစ်ခုတွင် ပေါင်းစုသွားသည်ဟု နားလည်လိုက်ရသည်။

စားသောက်ဖွယ်ရာများကို နေ့ဖို့ညစာချန်၍ သိုမှီးသိမ်းဆည်းခြင်း မပြုရသဖြင့် အစားအစာတို့၌ တွယ်တာ တပ်မက်သော တဏှာလောဘကို ချက်ချင်းလက်ငင်း ပယ်ဖြတ်ရာ ရောက်စေသည်။ အစားအစာတို့၌ တွယ်တာတပ်မက်သော တဏှာလောဘကို နေ့စဉ်ရက် ခေါင်းမထောင်နိုင်အောင် ပယ်ဖြတ်သုတ်သင်နေမည်ဆိုလျှင်၊ ရွှေငွေ ဓနဥစ္စာစသော လူ့ကာမဂုဏ် အသုံးအဆောင်တို့၌ အဘယ်သို့လျှင် တွယ်တာတပ်မက်သော တဏှာလောဘကို ဖြစ်စေတော့အံ့နည်း။ ကိုယ်တွင်း အဖျတ္တစစ်ပွဲဟူသည် ၁၅၀၀ ကိလေသာကို တစ်ဆင့်ပြီး တစ်ဆင့် စနစ်တကျ တွန်းလှန်ဖြိုဖျက်ရသော လုပ်ငန်းစဉ်ကြီးပါတကားဟု အသိဉာဏ် ပွားခဲ့ရသည်။

မှန်ရာကို ဆိုရလျှင် ထိုစဉ်က လျှပ်တစ်ပြက် လင်းလက်ခဲ့သော တဒင်္ဂ အသိတရားလေးမှာ မဖောက်မပြန် ခိုင်မြဲသော အသိတရားမျိုး (မဂ်ဖိုလ်တရား) မဟုတ်ခဲ့ပါ။ ယနေ့တိုင်အောင်လည်း ထိုတရားမျိုး (မဂ်ဖိုလ်တရား) နှင့် ဝေးကွာနေဆဲ ဖြစ်ပါ၏။ ၁၅၀၀ ကိလေသာကို မှန့်မှန့်ညက်ညက် ချေမှုန်းသုတ်သင်လျက် အဇ္ဈတ္တစစ်ပွဲ၌ အောင်နိုင်သူကြီး ဖြစ်ဖို့ရာမှု အများကြီး အများကြီး ကြိုးစားဖို့ လိုသေးသည်ဟု မိမိကိုယ်မိမိ သန္နိဋ္ဌာန်ချ ဆုံးဖြတ်ထားမိပါသည်။

ထိုအကြောင်းအရာများကို ခြုံငုံ၍ အင်္ဂလန်မှ ထူးဆန်းအံ့ဖွယ် အီးမေးလ်တစ်စောင် ပေးပို့လာသော ဒါယကာတစ်ဦးထံ အောက်ပါအတိုင်း စာတိုလေးတစ်စောင်ရေး၍ ပြန်ကြားလိုက်မိပါသည်။

*ဒကာကြီးရေ . . .*

*ဦးပဥ္စင်း လက်ရှိသီတင်းသုံးနေတဲ့ မြိတ်မြို့အရှေ့ဖက်က ပဲယာ– ညောင်ဘီး– အညှင်းစတဲ့ ရွာလေးတွေဟာ ပင်လယ်ပြာကြီးကို နောက်ခံပြုပြီး မြစ်ငယ်ချောင်းငယ်တွေ၊ ပင်လယ်ဒီရေတောအုပ်တွေ၊ လယ်ကွင်းစိမ်းစိမ်းလေးတွေ၊ တောင်ကုန်းငယ်လေးတွေ ဝန်းရံနေပြီး အလွန်သာယာလှပပါတယ်။ ဒီရွာလေးတွေကို အမှီပြုပြီး သလုံးမြင်းခေါင်းနဲ့ ခံယူရရှိတဲ့ ဆွမ်းတစ်နပ်ကို အမေရိကန်က ဟန်ဘာဂါ၊ အင်္ဂလန်က ဆင်းဒဝစ်၊ အီတလီက ပီဇာမုန့်တွေနဲ့ မလဲနိုင်ပါဘူး။*

*မျက်မှောက်ကမ္ဘာရဲ့ အခြားမျက်နှာစာ တစ်ခုမှာတော့ နည်းပညာ အသီးအပွင့်ဖြစ်တဲ့ ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ လူ့ကာမဂုဏ် အသုံးအဆောင် အသစ်အဆန်းတွေ အဆက်မပြတ် ထွက်ပေါ်နေပါတယ်။ နည်းပညာကမ္ဘာကြီးထဲက တချို့လူတွေဟာ ချမ်းသာမှုကို ရှာဖွေရင်း ရွေးချယ်စရာတွေ များလွန်းလို့ စိတ်သောက ဖိစီးမှုတွေတောင် ကြုံတွေ့နေရတယ်လို့ ကြားသိရပါတယ်။*

*ဒကာကြီးအနေနဲ့ မြတ်စွာဘုရားရှင်ရဲ့ အလိုတော်ဖြစ်တဲ့ သန္တုဋ္ဌိ သလ္လေခ (ချိုးခြံခေါင်းပါးစွာ ကျင့်သုံးခြင်း) ဂုဏ်နဲ့အညီ ကျင့်သုံးနေထိုင်နိုင်ပြီး သကာလ ဘယ်ဘဝ ဘယ်ကမ္ဘာမှာမှ မရရှိ မပိုင်ဆိုင်ဘူးသေးတဲ့ ချမ်းသာစစ် ချမ်းသာမှန်ကို ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ပတ္ထနာပြု ဆုတောင်းလိုက်ပါတယ်။*

*ဒကာကြီးနဲ့တကွ ရပ်ဝေးမြေမှ ရွှေမြန်မာများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။*

*mumhouse.com* မှ *Mr Austin Tan & Mrs Cathrine Tan* သို့ အမှတ်တရ

**ဦးမာနိတ (ကျုံကဒတ်)**